**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**ညွှန်ကြားချက်အမှတ် ၂ / ၂၀၂၄**

**၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**

**(၂၀၂၄ ခုနှစ် မတ်လ ၈ ရက်)**

**ပြည်တွင်း၌ တိရစ္ဆာန်သုံးဆေးဝါးဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍**

**လိုက်နာဆောင်ရွက်ရန်ညွှန်ကြားချက်**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ပြည်တွင်း၌ တိရစ္ဆာန်သုံးဆေးဝါးဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၅၅ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ တိရစ္ဆာန်သုံးဆေးဝါးများကို ဖြန့်ဖြူးရောင်းချလိုသူသည် ခွင့်ပြုလက်မှတ်ရရှိရန် သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါ အထောက်အထားများ ပူးတွဲလျှောက်ထားရမည်-

(က) လုပ်ငန်းဌာန၏ တည်နေရာ၊ အဆောက်အအုံနှင့် မြေနေရာ အခင်းအကျင်း အတိုင်းအတာ၊ အကျယ်အဝန်း၊

(ခ) လုပ်ငန်းတွင် အသုံးပြုမည့် ပစ္စည်းကိရိယာများစာရင်း၊

(ဂ) ဖြန့်ဖြူးရောင်းချမည့် တိရစ္ဆာန်သုံးဆေးဝါး အမျိုးအစားများစာရင်း၊

(ဃ) ကြီးကြပ်ဆောင်ရွက်မည့်သူစာရင်း၊ ယင်းတို့၏ ပညာအရည်အချင်းနှင့် လုပ်ငန်း တာဝန်များ၊

(င) ဝန်ထမ်းစာရင်း၊ ယင်းတို့၏ ပညာအရည်အချင်းနှင့် လုပ်ငန်းတာဝန်များ၊

(စ) တိရစ္ဆာန်သုံးဆေးဝါး ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် ယင်းဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

၂။ တိရစ္ဆာန်သုံးဆေးဝါးဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်လျှောက်ထားသူသည်-

(က) မြန်မာနိုင်ငံအတွင်းနေထိုင်သူဖြစ်ရမည်။ နိုင်ငံခြားကုမ္ပဏီ ဖြစ်ပါက ပြည်တွင်းတွင် နေထိုင်သော တရားဝင် ကိုယ်စားလှယ်ဖြစ်ရမည်။ ဖက်စပ်ကော်ပိုရေးရှင်း သို့မဟုတ် အခြားအလားတူကော်ပိုရေးရှင်းဖြစ်ပါက သက်ဆိုင်ရာကော်ပိုရေးရှင်း၏ တရားဝင် ကိုယ်စားလှယ်ဖြစ်ရမည်။

(ခ) အသက် ၂၀ ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) စိတ်ပေါ့သွပ်သူမဖြစ်စေရ။

(ဃ) တိရစ္ဆာန်သုံးဆေးဝါးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အပြစ်ပေး ခံရဖူးသူ မဖြစ်စေရ။

(င) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲသူ သို့မဟုတ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရဖူးသူ မဖြစ်စေရ။

(စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ တိရစ္ဆာန်သုံးဆေးဝါး ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို တစ်ခုထက်ပို၍ ဆောင်ရွက်လိုပါက လုပ်ငန်းတစ်ခုစီအတွက် ခွင့်ပြုလက်မှတ်တစ်ခုစီ လျှောက်ထားရမည်။

၄။ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသည် အပိုဒ် ၁ အရ လျှောက်ထားချက်ကို လက်ခံရရှိပါက လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိရမည့် အထောက်အထားများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်သုံးကုသဆေး လက်လီရောင်းချသည့် လုပ်ငန်းအတွက် လျှောက်ထားခြင်းဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်

ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။

(ခ) တိရစ္ဆာန်သုံးကုသဆေး လက်ကားရောင်းချခြင်း၊ တိရစ္ဆာန်သုံး ကာကွယ်ဆေးနှင့် ကုသဆေးများ လက်လီ လက်ကားရောင်းချခြင်း၊ တိရစ္ဆာန်အတွက် ရောဂါရှာဖွေရန်၊ သုတေသနပြုရန်၊ အာဟာရဖြည့်စွက်ရန်၊ သန္ဓေတားရန်၊ ခွဲစိတ်ရန် သို့မဟုတ် ဇီဝကမ္မဖြစ်စဉ် မြှင့်တင်ပေးရန်အတွက် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် တိရစ္ဆာန်သုံးဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် လျှောက်ထားခြင်းဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၅။ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသည် အပိုဒ် ၄ အပိုဒ်ခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်သုံးကုသဆေး လက်ကားရောင်းချခြင်းလုပ်ငန်းအတွက် လျှောက်ထားခြင်းဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။

(ခ) တိရစ္ဆာန်သုံးကာကွယ်ဆေးနှင့် ကုသဆေးများလက်လီလက်ကားရောင်းချခြင်း၊ တိရစ္ဆာန်အတွက် ရောဂါရှာဖွေရန်၊ သုတေသနပြုရန်၊ အာဟာရဖြည့်စွက်ရန်၊ သန္ဓေတားရန်၊ ခွဲစိတ်ရန် သို့မဟုတ် ဇီဝကမ္မဖြစ်စဉ် မြှင့်တင်ပေးရန်အတွက် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် တိရစ္ဆာန်သုံးဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် လျှောက်ထားခြင်းဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။